# အခန်း(၁)
# ရေးဆွဲခြင်း

## နိဒါန်း

ဤအခန်းတွင် ပန်းချီအနုပညာရေးဆွဲခြင်းနည်းစနစ်များကို သင်ကြားကြရမည်။

အရာဝတ္ထုများ၏ ထုထည်မျက်နှာပြင်များကို လေ့လာခြင်း၊ အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း၊ မျက်နှာပြင်အနိမ့်အမြင့်များကို လေ့လာရေးဆွဲခြင်း၊ ထုထည်ပြမျဉ်းများရေးဆွဲခြင်း၊ မျဉ်းကြောင်းများကို စိတ်ပိုင်းခြင်း၊ နီးဝေးမြင်ကွင်းစနစ်ကို လေ့လာရေးဆွဲခြင်းများပြုလုပ်ကြမည်ဖြစ်သည်။

## သိရှိပြီးသောအကြောင်းအရာ

အခြေခံပညာမူလတန်းအဆင့်တွင် ထုထည်၊ အရွယ်အစား၊ မျဉ်းကြောင်းများအကြောင်း လက်တွေ့သိရှိရေးဆွဲခဲ့ပြီး ဆဋ္ဌမတန်းတွင် မျဉ်းကြောင်းများကို စနစ်ကျနစွာဖြင့် လက်တွေ့ရေးဆွဲခဲ့ပြီးဖြစ်သည်။

## ဤသင်ခန်းစာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

အခန်း(၁)သင်ခန်းစာများသင်ပြီးသောအခါ ထုထည်မျက်နှာပြင်များကို ပေါ်လွင်အောင်ရေးဆွဲတတ်လာမည်။ အရာဝတ္ထုများ၏အရွယ်အစား၊ အလေးချိန်၊ အပျော့အမာတို့ကို အမြင်ဖြင့်ပင်ချိန်ဆရေးဆွဲတတ်လာမည်။ အရာဝတ္ထု၏ တည်နေရာပြောင်းလဲသဖြင့် အရာဝတ္ထု၏မျက်နှာပြင်ကို မြင်ရသည့်ပုံမတူညီခြင်းကို လေ့လာရေးဆွဲတတ်လာမည်။ မျက်နှာပြင်အနိမ့်အမြင့်ပြမျဉ်းများဖြင့် အရာဝတ္ထုပုံကို ထုထည်ပေါ်အောင်ရေးဆွဲနိုင်လာမည်။ မျဉ်းကြောင်းများကို ဆတိုးခြင်းနှင့် စိတ်ပိုင်းခြင်းပြုလုပ်လာနိုင်သဖြင့် အရာဝတ္ထုကိုရေးဆွဲရာတွင် အချိုးအစားမှန်လာမည်။ နီးဝေးမြင်ပုံမှန်စနစ်ကို သင်ကြားရခြင်းကြောင့် ပျောက်ကွယ်စက်တစ်ခုဖြင့် ပုံရေးဆွဲတတ်လာမည်။

ဤသင်ခန်းစာများသင်ကြားရခြင်းကြောင့် စဉ်းစားဉာဏ်၊ စိတ်ကူးဉာဏ်၊ တီထွင်ဖန်တီးဉာဏ်များ အားကောင်းလာ၍ အခက်အခဲများရင်ဆိုင်လာရပါက မိမိကိုယ်မိမိယုံကြည်ပြီး ရဲရဲဝံ့ဝံ့ဖြေရှင်းနိုင်သော အလေ့အကျင့်ကောင်းများ ရရှိလာမည်။

ပန်းချီအနုပညာဖြင့် ချဉ်းကပ်ရသောသင်ခန်းစာများပါဝင်သည့်အတွက် သဘာဝကို မှန်ကန်စွာရှုမြင်တတ်ခြင်း၊ သဘာဝတွင်ဖြစ်ပေါ်နေသောအခြေခံအချက်အလက်များကို သုတေသနပြုလုပ်ရန် ဝန်မလေးခြင်းများဖြစ်လာမည်။

သဘာဝကို အနုပညာဖြင့် ပုံဖော်ရာတွင် တိုက်ရိုက်ပုံဖော်မှုသာမက မိမိကိုယ်ပိုင်ခံစားမှုများကိုလည်း ထည့်သွင်းရေးဆွဲသင့်ကြောင်း သဘောပေါက်နားလည်လာပြီး သာမန်အားဖြင့် သဘာဝ၏ မမြင်နိုင်သည့် အကြောင်းအရာများကို အနုပညာအရ ရှုမြင်တတ်မှုများလည်း ရရှိလာမည်။

## ၁–၁ မျက်နှာပြင်များကို လေ့လာရေးဆွဲခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် မျက်နှာပြင်များ၏သဘောသဘာဝကို သိရှိနားလည်ပြီး ရေးဆွဲတတ်ရန် သင်ကြားရမည်။ အရာဝတ္ထုတစ်ခု၏ မျက်နှာပြင်များအနက် မျက်နှာပြင်တစ်ဖက်စီပေါ်တွင်ပင် ခုံးခြင်း၊ ခွက်ခြင်းနှင့် ပြင်ညီဖြစ်ခြင်းများကို တွေ့ရသည်။


### (၁–၁–၁) အခြေခံထုထည်များ၏ မျက်နှာပြင်များကို လေ့လာခြင်း

အခြေခံထုထည် ၅ မျိုးတွင် တိကျသောမျက်နှာပြင်များရှိကြပြီး ခုံးခြင်း၊ ခွက်ခြင်း၊ ပြင်ညီခြင်းတို့ကို မျဉ်းကွေး၊ မျဉ်းဖြောင့်များတည်ရှိပုံနှင့် အလင်းအမှောင်အရ လေ့လာရသည်။



ပုံ(၁)

### (၁–၁–၂) အရာဝတ္ထုများ၏ မျက်နှာပြင်မျဉ်းများကို လေ့လာခြင်း



မျက်နှာပြင်များ၏ ခုံးခြင်း၊ ခွက်ခြင်း၊ ညီညာခြင်းနှင့် မညီညာခြင်းတို့ကို လေ့လာရသည်။

မျက်နှာပြင်နှင့် လိုက်ဖက်သော မျဉ်းကြောင်းများကို ရေးဆွဲလေ့ကျင့်ရသည်။

ပုံ(၂)


DBLBOX

## (၁-၁-၃) မျက်နှာပြင်များကို လက်တွေ့ရေးဆွဲခြင်း



ပုံ(၃)

## (၁-၁-၄) လေ့ကျင့်လက်ရာများ



ပုံ(၄)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အခုံး၊ အခွက်နှင့် ပြင်ညီမျက်နှာပြင်တို့၏ ကွာခြားချက်များကို ထင်မြင်ချက်ပေးပါ။
၂။ မျက်နှာပြင် ၃ မျိုးကို မျဉ်းဖြင့် ဖွဲ့စည်းပြီး ခုံးခွက်ပြင်ညီဖြစ်မှုကို ခွဲခြားရေးဆွဲပြပါ။

**အဓိကအချက်**

- အခြေခံထုထည်များနှင့် အရာဝတ္ထုမျက်နှာပြင်များကို လိုက်ဖက်သောမျဉ်းများဖြင့် ပုံဖော်ရသည်။

## ၁–၂ အရာဝတ္ထုများကို နှိုင်းယှဉ်လေ့လာရေးဆွဲခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် အရာဝတ္ထုများ၏ ကြီးခြင်း၊ သေးခြင်း၊ ပျော့ခြင်း၊ မာခြင်းစသည့် မတူညီသောသဘောကို တစ်ခုနှင့် တစ်ခုနှိုင်းယှဉ်လေ့လာရေးဆွဲခြင်းအကြောင်း သင်ကြားကြရမည်။

### (၁–၂–၁) မတူညီသောသဘောကို နှိုင်းယှဉ်ခြင်း



အရာဝတ္ထုများကို မထိတွေ့ဘဲ အမြင်ဖြင့်ပင် မည်သည့်အရာဝတ္ထုသည် မည်သည့်အရာဝတ္ထုထက် ပိုလေးသည်၊ ပိုမာသည်ဆိုသည်ကို ခန့်မှန်းနှိုင်းယှဉ်သည်။

ပြီးမှ လက်ဖြင့် ထိတွေ့ကိုင်တွယ်ပြီး ယူဆထားမှု မှန် မမှန်ကို စစ်ဆေးသည်။

ပုံ(၁)

### (၁–၂–၂) အရွယ်အစားများကို နှိုင်းယှဉ်ခြင်း

အရာဝတ္ထုများ၏ အလျား အနံ၊ အကြီး အသေးစသည့်ကွာခြားချက်များကို သတိပြုမှတ်သားရေးဆွဲ လေ့ကျင့်ရသည်။



ပုံ(၂)



DBE BOX

## (၁-၂-၃) လက်တွေ့ရေးဆွဲခြင်း




ပုံ(၃)

## (၁-၂-၄) လေ့ကျင့်လက်ရာများ

ပုံ(၄)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မတူညီသော အရာဝတ္ထုများကို အရွယ်အစားနှိုင်းယှဉ်ခြင်းအကြောင်း ပြောပြပါ။
၂။ အရာဝတ္ထု ၂ ခု၏ မတူညီသောသဘောနှင့် အရွယ်အစားကို နှိုင်းယှဉ်ရေးဆွဲပြပါ။

## အဓိကအချက်

- အရာဝတ္ထုတို့၏ အရွယ်အစားနှင့် အလေးအပေါ့တို့ကို ချိန်ဆကာရေးဆွဲရသည်။



DBE BOOK

## ၁–၃ မျက်နှာပြင်အနိမ့်အမြင့်ကို လေ့လာရေးဆွဲခြင်း

### သင်ခန်းစာမိတ်ဆက်


ယခုသင်ခန်းစာတွင် မျက်စိမျဉ်းတန်းကြောင့် အရာဝတ္ထုမျက်နှာပြင်အနိမ့်အမြင့်ဖြစ်ပေါ်လာပုံကို လက်တွေ့သင်ကြားကြရမည်။

### (၁–၃–၁) ကြည့်သူတည်ရာမျဉ်းနှင့် မျက်စိမျဉ်းတန်း

ကြည့်သူတည်ရာမျဉ်း (Spectator Line) ဆိုသည်မှာ ကြည့်သူ၏မျက်စိ ၂ လုံးကြား ကြည့်သူနှင့်အပြိုင် တည်ရှိနေသောမျဉ်းမတ်ကို ခေါ်သည်။

မျက်စိမျဉ်းတန်း (Eye Level ) ဆိုသည်မှာ ကြည့်သူ၏မျက်စိနှင့်တည့်တည့် ကန့်လန့်ဖြတ်တည်ရှိနေသော မျဉ်းကိုခေါ်သည်။ တစ်ခါတစ်ရံ ကြည့်သူသည် ရေပြင်ညီမျဉ်းအတိုင်းကြည့်သောအခါ မျက်စိမျဉ်းတန်းနှင့် မိုးကုပ်စက်ဝိုင်းမျဉ်း (Horizontal Line) တို့သည် တူညီသည်။

ကြည့်သူ၏တည်နေရာကိုလိုက်၍ ကြည့်သူတည်ရာမျဉ်း(S. L)နှင့် မျက်စိမျဉ်းတန်း(E. L)တို့ ပြောင်းလဲသဖြင့် ကြည့်သူနှင့် အရာဝတ္ထု၏အနီးဆုံးနှုတ်ခမ်းသည် အရာဝတ္ထုအထက် ရောက်လေလေ ခုံးလေလေဖြစ်ပြီး အောက်သို့ရောက်လေလေ ခွက်လေလေဖြစ်သည်။ ကြည့်သူနှင့် တစ်တန်းတည်းရှိပါက မျဉ်းလဲအတိုင်းသာ မြင်ရသည်။




ပုံ(၁)

## (၁-၃-၂) လက်တွေ့ရေးဆွဲခြင်း



ပုံ(၂)

## (၁-၃-၃) လေ့ကျင့်လက်ရာများ



ပုံ(၃)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ တည်နေရာအနိမ့်အမြင့်ပြောင်းလဲခြင်းကြောင့် မြင်ကွင်းပြောင်းလဲပုံကို ရှင်းပြပါ။
၂။ အရာဝတ္ထုတစ်ခုကို တည်နေရာအနိမ့်အမြင့်ပြောင်းလဲပြီး ရေးဆွဲပြပါ။

### အဓိကအချက်

- ကြည့်သူတည်ရာမျဉ်းကြောင့် အနိမ့်အမြင့်တည်နေရာပြောင်းလဲပြီး မျက်စိနှင့်အရာဝတ္ထု၏ အနီးဆုံးမျဉ်းများသည် ခုံးခွက်ပြောင်းလဲသည်။

DBE BOX

## သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများ(Contour Lines)ရေးဆွဲခြင်းကို သင်ကြားကြရမည်။

မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများဖြင့် ရေးဆွဲခြင်းဆိုသည်မှာ အရာဝတ္ထု၏ထုထည်ပေါ်လာစေရန် အလျားလိုက် သို့မဟုတ် ဒေါင်လိုက်ပုံ မျဉ်းဖြောင့်၊ မျဉ်းကွေးများကို ရေးဆွဲခြင်းဖြစ်သည်။

### (၁–၄–၁) မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများရေးဆွဲခြင်း

အရာဝတ္ထု၏ ဘေးအနားသတ်ပုံပေါ်အောင် ရေးဆွဲပြီးနောက် အရာဝတ္ထု၏ ထုထည်ခုံးခွက်ပေါ်မူတည်ပြီး အလျားလိုက် သို့မဟုတ် ဒေါင်လိုက် မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများ ရေးဆွဲရသည်။







ပုံ(၂)

## (၁-၄-၃) လေ့ကျင့်လက်ရာများ



ပုံ(၃)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများရေးဆွဲခြင်းအကြောင်းကို ရှင်းပြပါ။

၂။ မိမိနှစ်သက်ရာ အရာဝတ္ထုတစ်ခုကို ရေးဆွဲ၍ မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းများထည့်သွင်းရေးဆွဲပါ။

## အဓိကအချက်


## ၁-၅ ဆတိုးခြင်းနှင့် စိတ်ပိုင်းခြင်း

### သင်ခန်းစာမိတ်ဆက်


ယခုသင်ခန်းစာတွင် အချိုးအစားများကို နှိုင်းယှဉ်၍ မျဉ်းကြောင်းများ၊ လေးထောင့်ကွက်များကို ဆတိုးခြင်း၊ စိတ်ပိုင်းခြင်းနှင့် အရာဝတ္ထုတစ်ခုအားစိတ်ပိုင်းခြင်းအကြောင်းကို လေ့လာကြမည်။

အရာဝတ္ထုပုံများရေးဆွဲရာတွင် ဆတိုးခြင်းနှင့် စိတ်ပိုင်းခြင်းနည်းစနစ်များကို အသုံးပြု၍ ရေးဆွဲကြမည်။

### (၁-၅-၁) မျဉ်းကြောင်းများနှင့် လေးထောင့်ကွက်များကို ဆတိုးခြင်းနှင့် စိတ်ပိုင်းခြင်း




ပုံ(၁)



ပုံ(၂)

မျဉ်းကြောင်း၏ တူညီသောအလျားအတိုင်း ၂ ဆ၊ ၃ ဆ အစရှိသည်ဖြင့် ဆတိုးသကဲ့သို့ စိတ်ပိုင်းပြီးလည်း လေ့ကျင့်ရသည်။ ထို့ပြင် လေးထောင့်ကွက်ကိုလည်း ၎င်းနှင့်တူညီသောအရွယ်အစားအတိုင်း အဆတိုးလေ့ကျင့်ရပြီး ၎င်းကိုပင် လိုသလိုစိတ်ပိုင်းခြင်းပြုလုပ်၍ လေ့ကျင့်ရသည်။

### (၁-၅-၂) အရာဝတ္ထုများကို စိတ်ပိုင်းခြင်း




အရာဝတ္ထုများ၏ အချိုးအစားများကို မှန်ကန်စွာ ရေးဆွဲနိုင်ရန် အတွက် ပေါင်းစပ်ပါဝင်နေသည့် အစိတ်အပိုင်းတစ်ခုချင်းစီ၏ ဆက်နွယ်မှုများကို ဆတိုးနည်းနှင့် စိတ်ပိုင်းနည်းများဖြင့် ရှာဖွေပြီး လေ့ကျင့်ရသည်။

ပုံ(၃)

DBLBOX

## (၁-၅-၃) မျဉ်းကြောင်းများကို လက်တွေ့စိတ်ပိုင်းရေးဆွဲခြင်း



ပုံ(၄)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မျဉ်းကြောင်းများနှင့် လေးထောင့်ကွက်များကို ဆတိုးခြင်း၊ စိတ်ပိုင်းခြင်းပြုလုပ်ရေးဆွဲရှင်းပြပါ။
၂။ အရာဝတ္ထုများကိုကြည့်၍ အချိုးအစားများကို စိတ်ပိုင်းရေးဆွဲပြပါ။

**အဓိကအချက်**

- မျဉ်းကြောင်းများကို စိတ်ပိုင်းခြင်းဖြင့် ပုံတစ်ပုံ၏အရွယ်အစားနှင့် အချိုးကို ချိန်ဆရေးဆွဲနိုင်သည်။

## ၁-၆ နီးဝေးမြင်ပုံမှန်စနစ်ဖြင့် ရေးဆွဲခြင်း


**သင်ခန်းစာမိတ်ဆက်**

ယခုသင်ခန်းစာတွင် အရာဝတ္ထု၏နီးဝေးမြင်ခြင်းသဘောပေါ်လွင်စေရန် နီးဝေးမြင်ပုံမှန်စနစ် (Perspective)များအနက် ပျောက်ကွယ်စက်တစ်စက်ဖြင့် ရေးဆွဲခြင်းကို သင်ကြားကြရမည်။

နီးဝေးမြင်ပုံမှန်စနစ်ဆိုသည်မှာ အရာဝတ္ထုများကို နီးလျှင်ကြီးပြီး ဝေးလျှင်သေး၍ မြင်ရသည့် သဘောအတိုင်းရေးဆွဲခြင်းကို ဆိုလိုသည်။

### (၁-၆-၁) ပျောက်ကွယ်စက်(Vanishing Point)တစ်စက်ပါ နီးဝေးမြင်ပုံမှန်စနစ်

အရာဝတ္ထုနှင့် ကြည့်သူတို့အပြိုင်တည်ရှိနေသည့်အခါ ကန့်လန့်ဖြတ်မျဉ်း သို့မဟုတ် မျက်စိမျဉ်းတန်းပေါ်တွင် အရာဝတ္ထု၏ အနားများစုဆုံရာမှ ဖြစ်ပေါ်လာသော ပျောက်ကွယ်စက်တစ်စက်ဖြင့် ရေးဆွဲသောစနစ်ဖြစ်သည်။





ပုံ(၁)




DBBox

## (၁–၆–၂) ပျောက်ကွယ်စက်တစ်စက်ဖြင့် ရေးဆွဲခြင်း




ပုံ(၂)

## (၁–၆–၃) လေ့ကျင့်လက်ရာများ



ပုံ(၃)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ပျောက်ကွယ်စက်တစ်စက်ပါနီးဝေးမြင်ပုံမှန်စနစ်အကြောင်း ရှင်းပြပါ။


၂။ ပျောက်ကွယ်စက်တစ်စက်ပါနီးဝေးမြင်ပုံမှန်စနစ်ကို သုံး၍ အရာဝတ္ထုတစ်ခုပုံကို ရေးဆွဲပြပါ။

**အဓိကအချက်**

- ပျောက်ကွယ်စက်တစ်စက်ပါ နီးဝေးမြင်ပုံမှန်စနစ်ကို အသုံးပြုပြီး အရာဝတ္ထုများကိုရေးဆွဲရသည်။

DBE BOX

**အခန်း(၁)တွင် သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBE BOX

# အခန်း(၂)
# ဆေးခြယ်ခြင်း

## နိဒါန်း

ဤအခန်းတွင် အရောင်များကို ဆေးခြယ်ခြင်းနည်းစနစ်များကို သင်ကြားကြရမည်။

အရာဝတ္ထုပုံများပေါ်တွင် အရောင်တစ်ရောင်စီဖြင့် အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်းများ ပြုလုပ်ကြရမည်။

## သိရှိပြီးသောအကြောင်းအရာ

အခြေခံပညာမူလတန်းအဆင့်တွင် အရောင်များအကြောင်းသင်ကြားခဲ့ကြပြီး ဆေးအထူပိန်းခြယ်ခြင်းကို နားလည်သဘောပေါက်ခဲ့ကြပြီးဖြစ်သည်။ ဆဋ္ဌမတန်းတွင် အသွေးအနုအရင့် ၃ ဆင့်ခြယ်ခြင်းနှင့် အရာဝတ္ထုများဖွဲ့စည်းခြင်း ခဲဖြင့်အသွေးအနုအရင့်ခွဲခြားရေးခြယ်ခြင်းများ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

## ဤသင်ခန်းစာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

အခန်း(၂)သင်ခန်းစာများသင်ပြီးသောအခါ ပန်းချီအနုပညာတွင် အရောင်တစ်ရောင်စီ၏ အသွေးအနုအရင့် ၉ ဆင့် ခွဲခြားရေးဆွဲရပုံကို သိရှိပြီး ရေးဆွဲသောပုံများတွင် အသွေးအနုအရင့် အဆင့်များခွဲခြားရေးခြယ်နိုင်လာမည်။

ဤသင်ခန်းစာများသင်ကြားရခြင်းကြောင့် အနုပညာရသခံစားရမှုများတွင် သဘာဝထဲရှိ အရောင်အသွေးများအပြင် မိမိကိုယ်တိုင်ဖန်တီးပြီး လွတ်လပ်စွာ ရေးခြယ်ဖန်တီးနိုင်ကြောင်းလည်း နားလည်သဘောပေါက်လာမည်။

အသွေးအနုအရင့်များခွဲခြားရေးဆွဲရခြင်းကြောင့် အလင်းအမှောင်သဘောကို သိရှိနားလည်လာပြီး သဘာဝနှင့် နီးစပ်မှုသာမက ခံစားမှုကိုပါပေးနိုင်ရန်နှင့် ကြည့်ရှုသူအား ဆွဲဆောင်မှုရရှိစေရန် ပြုလုပ်ဖန်တီးနိုင်မှုစွမ်းရည်ကို ရရှိမည်။

သဘာဝရှိအရောင်များကို ပုံမှန်မှတ်မိနိုင်မှုထက် အနုပညာရသဆန်စွာ အရောင်များကို ထည့်သွင်းရေးဆွဲခြင်းသည် ချိန်ဆဆုံးဖြတ်နိုင်သောကျွမ်းကျင်မှုကို ရရှိစေသည်။ ၎င်းမှ တစ်ဆင့် လူမှုပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဝတ်စားဆင်ယင်မှုတွင်လည်းကောင်း အဆင်ပြေလိုက်လျောသောအရောင်များကို ရွေးချယ်အသုံးပြုနိုင်မည်။

အဆင့်ခွဲလုပ်ဆောင်နိုင်သောစွမ်းရည်၊ အစီအစဉ်တကျလုပ်ဆောင်နိုင်သောစွမ်းရည်နှင့် စိမ်ခန့်ခွဲနေရာချထားတတ်သောစွမ်းရည်များကိုလည်း ရရှိစေမည်။ လုပ်ငန်းများတွင် အဆင်ပြေစေရန် လုပ်ကိုင်တတ်ခြင်းနှင့် တိကျစွာလုပ်ကိုင်နိုင်ခြင်းစွမ်းရည်များကိုလည်း ရရှိနိုင်ပြီး လုပ်ငန်းမပြီးမချင်း ဇွဲလုံ့လဖြင့် လုပ်တတ်သောအလေ့အကျင့်များလည်း ရရှိလာမည်ဖြစ်ပေသည်။

DBE Box


## ၂-၁ တစ်ရောင်တည်းဖြင့် အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် အရောင်တစ်ရောင်တည်းဖြင့် အသွေးအနုအရင့်ဆေးခြယ်ခြင်းကို သင်ကြားမည်။ အရာဝတ္ထု၏ အလင်းအမှောင်ကို အသွေးအနုအရင့်ဖြင့် ဆေးခြယ်ရသည်။ အသွေးအနုအရင့်ဆေးခြယ်မှုကျွမ်းကျင်စေရန် အနက်ရောင်ဖြင့် စတင်လေ့ကျင့်ရသည်။

### (၂-၁-၁) အနက်ရောင်၏ အသွေးအနုအရင့်ပြောင်းလဲခြင်း

အသွေးနု(High Key) အသွေးလတ်(Middle Key) အသွေးရင့်(Low Key)



ပုံ(၁)


### (၂-၁-၂) အသွေးအနုအရင့် ရောစပ်ခြင်း

အနက်ရောင်ကို ဆေးအဖြူရောင် သို့မဟုတ် ရေအနည်းငယ်စီ အဆင့်လိုက်ရောစပ်ပေးခြင်းဖြင့် အသွေးအနုသို့ ကူးပြောင်းသည်။



### (၂-၁-၃) အခြေခံထုထည်များကို ရေးခြယ်ခြင်း

အသွေးအနုအရင့်ခြယ်ရာတွင် ထုထည်များ၌ ၃ ဆင့်မှ ၉ ဆင့်အထိ နှစ်သက်သလို ခွဲခြားရေးခြယ်ရသည်။



ပုံ(၃)



DBE Box

## (၂-၁-၄) လက်တွေ့ရေးခြယ်ခြင်း



ပုံ(၄)

## (၂-၁-၅) လေ့ကျင့်လက်ရာများ



ပုံ(၅)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အနက်ရောင်တစ်ရောင်တည်းဖြင့် အသွေးအနုအရင့်ခွဲခြားရေးခြယ်ခြင်းအကြောင်း ရှင်းပြပါ။

၂။ သင်နှစ်သက်ရာအရာဝတ္ထုတစ်ခုကို ရေးဆွဲပြီး အနက်ရောင်ဖြင့် အသွေးအနုအရင့်ခွဲခြယ်ပါ။

**အဓိကအချက်**


- အနက်ရောင်တစ်ရောင်တည်းဖြင့် အရာဝတ္ထုတစ်ခုကို အသွေးအနုအရင့်ခွဲခြားရေးဆွဲနိုင်သည်။

DBE BOX

## သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် မူလအရောင်တစ်ရောင်စီဖြင့် အသွေးအနု အရင့်ခွဲဆေးခြယ်ကြမည်။ မူလအရောင်တစ်ရောင်စီတွင် အသွေးအနုအရင့် ကွဲပြားစေရန် အဖြူ သို့မဟုတ် အနက် အနည်းငယ်စီရောကာ အသွေးအနုအရင့်ခွဲဆေးခြယ်ရသည်။

### (၂-၂-၁) မူလအရောင်များ၏ အသွေးအနုအရင့်ပြောင်းလဲခြင်း




ပုံ(၁)

### (၂-၂-၂) ထုထည်များကို ရေးခြယ်ခြင်း

အသွေးအနုအရင့်ခြယ်ရာတွင် နုလိုလျှင် ရေ သို့မဟုတ် အဖြူရောင်ရောပြီး၊ ရင့်လိုလျှင် အနက်ရောင်အနည်းငယ်စီရော၍ အသွေးအနုအရင့် ၃ ဆင့်မှ ၉ ဆင့်အထိ နှစ်သက်သလို ခွဲခြား ရေးခြယ်ရသည်။




DBE BOX



ပုံ(၃)

## (၂-၂-၄) လေ့ကျင့်လက်ရာများ



ပုံ(၄)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မူလအရောင်တစ်ရောင်စီဖြင့် ထုထည်အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်းအကြောင်း ပြောပြ

၂။ သင်နှစ်သက်ရာထုထည်တစ်ခုပုံကိုမူလအရောင်တစ်ရောင်ဖြင့်အသွေးအနုအရင့်ခွဲဆေးခြယ်

## အဓိကအချက်

## ၂-၃ မူလအရောင်တစ်ရောင်စီဖြင့် အရာဝတ္ထုပုံကို အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် မူလအရောင်တစ်ရောင်စီဖြင့် အရာဝတ္ထုတစ်ခုပုံကို အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်းကို သင်ကြားမည်။ အရာဝတ္ထု၏ အလင်းအမှောင်ကို အရောင်အသွေးအနုအရင့်ဖြင့် ဆေးခြယ်ရသည်။

### (၂-၃-၁) အသွေးအနုအရင့်များလျှာထားဆေးခြယ်ခြင်း



ပုံ(၁)

### (၂-၃-၂) လက်တွေ့ရေးခြယ်ခြင်း



ပုံ(၂)



PREBOX



ပုံ(၃)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မူလအရောင်တစ်ရောင်ဖြင့် အရာဝတ္ထုတစ်ခုကို အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်းကို ရှင်းပြ

၂။ မူလအရောင်တစ်ရောင်စီဖြင့် အရာဝတ္ထုတစ်ခုစီကို အသွေးအနုအရင့်ခွဲဆေးခြယ်ပြပါ။

**အဓိကအချက်**

## ၂-၄ အရာဝတ္ထုများဖွဲ့စည်းရေးဆွဲပြီး အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် အရာဝတ္ထုများဖွဲ့စည်းရေးဆွဲပြီး မူလအရောင်တစ်ရောင်စီဖြင့် အသွေးအနုအရင့်ခွဲဆေးခြယ်ကြမည်။ ထိုသို့ရေးဆွဲရာတွင် အရာဝတ္ထု ၃ ခုသာဖွဲ့စည်းရေးဆွဲပြီး မူလအရောင်တစ်ရောင်စီဖြင့် ဆေးခြယ်ရမည်။

### (၂-၄-၁) အရာဝတ္ထုများဖွဲ့စည်းရေးဆွဲခြင်း



ပုံ(၁)

အရာဝတ္ထု ၃ ခုကို လိုသလို ဖွဲ့စည်းနေရာချထားရသည်။

ဆွဲပြီးသော အရာဝတ္ထုပုံများကို မူလအရောင် ၃ ရောင်မှ တစ်ရောင်စီဖြင့် အသွေးအနုအရင့်ခွဲပြီး ဆေးခြယ်ရသည်။



ပုံ(၂)

## (၂-၄-၂) လေ့ကျင့်လက်ရာများ



ပုံ(၃)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အရာဝတ္ထုများကို ဖွဲ့စည်းရေးဆွဲပြီး အသွေးအနုအရင့်ခွဲဆေးခြယ်ခြင်းကို ရှင်းပြပါ။
၂။ အရာဝတ္ထု ၃ ခုကို လိုသလိုနေရာချထားပြီး အသွေးအနုအရင့်ခွဲဆေးခြယ်ပြပါ။


### အဓိကအချက်

- အရာဝတ္ထုများကိုဖွဲ့စည်းရေးဆွဲပြီးမူလအရောင်တစ်ရောင်စီဖြင့်အသွေးအနုအရင့်ခွဲဆေးခြယ်ရသည်။



DBE BOX

**အခန်း(၂)တွင် သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBE BOX

# လက်မှုပညာ

## နိဒါန်း

ဤအခန်းတွင် ရွှံ့ချောင်းများဖြင့် ရစ်ခွေပုံဖော်ခြင်း၊ ဘလောက်တုံးပြုလုပ်ပုံနှိပ်ပြီး လိုသော
ဖော်ခြင်း၊ စက္ကူဖြင့်ဒီဇိုင်းဖော်ရက်လုပ်ခြင်း၊ ဖြတ်တောက်ပြီး စက္ကူခေါက်ခြင်း၊ စာအုပ်အလှဆင်ခြင်း
အချိုးရည်ဘူးခွံဖြင့် လက်မှုပစ္စည်းပြုလုပ်ခြင်း၊ ထောင်နိုင်သောအရုပ်များဖြင့် သရုပ်ဖော်ပြကွက်များ
ပြုလုပ်ခြင်းနှင့် ခြင်းကျဲရက်လုပ်ခြင်းများကို သင်ကြားကြရမည်။

## သိရှိပြီးသောအကြောင်းအရာ

အခြေခံပညာမူလတန်းအဆင့်တွင် သဘာဝမှ ရရှိသောပစ္စည်းများ၊ လူတို့သုံးစွဲပြီး စွန့်ပစ်
ထားသောပစ္စည်းများဖြင့် လက်မှုပစ္စည်းများပြုလုပ်ပြီး အနုပညာသဘောသက်ဝင်လာစေရန် ဖန်တီး
ရကြောင်း နားလည်သဘောပေါက်ပြီးဖြစ်သည်။

## ဤသင်ခန်းစာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

အခန်း (၃)သင်ခန်းစာများသင်ပြီးသောအခါ သဘာဝရှိပစ္စည်းများကို အခြားပုံသဏ္ဍာန်များ
အဖြစ်ပုံဖော်တတ်ပြီး လက်မှုပစ္စည်းအဖြစ်အသုံးပြုနိုင်လာမည်။ အနုပညာသဘောကိုပါ ထည့်သွင်း
ဖန်တီးနိုင်သော သင်ခန်းစာများပါဝင်ခြင်းကြောင့် ပြုလုပ်သောပစ္စည်းများတူညီသော်လည်း ခံစား
ချက်နှင့် အမြင်မတူသောပုံစံများကို တီထွင်ပြုလုပ်လာနိုင်မည်။

ဒေသထွက်ပစ္စည်းများမတူသော်လည်း မည်ကဲ့သို့တီထွင်ပြုလုပ်ရမည်ဆိုသော သဘောထား
နှင့် ကျွမ်းကျင်မှုကြောင့် မိမိစိတ်ကူးမိသည်များကို လက်တွေ့ဖန်တီးနိုင်မည်။ စွန့်ပစ်ပစ္စည်းများ
ပုံသဏ္ဍာန်ပြောင်းပြီး ပြန်လည်အသုံးချလက်မှုပစ္စည်းများပြုလုပ်၍ အသုံးပြုနိုင်လာမည်။ သဘာဝ
ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အခက်အခဲကို ဖြေရှင်းရန်နည်းလမ်းများရရှိမည်။

မိမိလိုသောပုံစံကို ဖန်တီးရာတွင် ကျွမ်းကျင်မှု၊ ပြန်လည်အသုံးချရာတွင် စွမ်းဆောင်နိုင်မှု
ရရှိနိုင်သည့်ပစ္စည်းဖြင့် လိုအပ်သလို ဆောင်ရွက်နိုင်သောစွမ်းအင်ရှိမှုနှင့် ဆောင်ရွက်လိုသော
သဘောထားရရှိမှုများသည် ဘဝတွင် လိုအပ်သောကျွမ်းကျင်မှုများဖြစ်သောကြောင့် ၎င်းအချက်
အလက်တို့ကို ဖြည့်ဆည်းပေးလိမ့်မည်။

ဖွဲ့လုံ့လဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းတစ်ခုပေါ်လွင်လာစေရန် ပုံဖော်
စိတ်ကူးတတ်ခြင်း၊ စိတ်ကူးဉာဏ်ကို အကောင်အထည်ဖော်နိုင်ခြင်း၊ ဆောင်ရွက်သောအခါတွင်
လည်း ပုံမှန်အတိုင်းလုပ်ဆောင်သည်ထက် အနုပညာသဘောထည့်သွင်းပြုလုပ်နိုင်ခြင်း၊လုပ်ဆောင်
ချက်များကို အဆင်လိုက် ခွဲခြားလုပ်ကိုင်နိုင်ခြင်းအပြင်ရရှိလာသောအကြောင်းအရာတိုကိုလည်း

# ၃–၁ ရွှံ့ချောင်းကို ရစ်ခွေကာ ပုံဖော်ခြင်း

## သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ရွှံ့ချောင်းကို ရစ်ခွေကာပုံဖော်ခြင်းကို သင်ကြားကြရမည်။ နမူနာအနေဖြင့် ရွှံ့ချောင်းရစ်ခွေနည်းကို ပုံဖော်လုပ်ကိုင်တတ်စေရန် အိုးပုံပြုလုပ်ကြမည်။

### (၃–၁–၁) ရွှံ့ချောင်းများ ပြုလုပ်ခြင်း


ပုံ(၁)

သန့်စင်ပြီးရွှံ့ကို ခဲတံလုံးခန့် တစ်ထွာခန့်စီရှည်သော အလုံးညီညာသည့် ရွှံ့ချောင်းများ ပြုလုပ်သည်။

### (၃–၁–၂) အိုးအောက်ခြေပြားပုံ ပုံဖော်ခြင်း


ပုံ(၂)

ရွှံ့ချောင်းကို အလယ်မှ စတင်၍ ရစ်ခွေကာ အချင်း ၃ လက်မခန့် အိုးအောက်ခြေအဝိုင်းပြားပုံကို ပုံဖော်သည်။

ပြီးလျှင် လက်ကို ရေအနည်းငယ်ဆွတ်ပြီး အချောကိုင်သည်။

### (၃–၁–၃) အိုးအောက်ခြမ်းအခွက်ပုံ ပုံဖော်ခြင်း


ပုံ(၃)

အိုးအောက်ခြေပြား အစပ်ပေါ်တွင် ရွှံ့ချောင်းကို စတင်ပြီး အပေါ်ဘက်သို့ တဖြည်းဖြည်းချဲ့ကာ ရစ်ခွေသည်။ အိုး၏ အောက်ခြမ်းအခွက်ပုံကို ရသည်။

## (၃-၁-၄) အပေါ်ခြမ်း အိုးအဝပုံဖော်ခြင်း



ပုံ(၄)

အိုး၏အောက်ခြမ်းအခွက် အစပ်ပေါ်တွင်စတင်ကာ အပေါ်အဝဘက်သို့တဖြည်းဖြည်းကျဉ်းအောင် ရစ်ခွေသည်။

ထိုအခါ အိုးအလုံးပုံရသည်။

## (၃-၁-၅) အိုးနှုတ်ခမ်း ပုံဖော်ခြင်း



ပုံ(၅)

အိုး၏အပေါ်ခြမ်း အဝအစပ်ပေါ်တွင် စတင်ကာ အပေါ်သို့ တဖြည်းဖြည်းကား၍ ဆက်လက်ရစ်ခွေသည်။

ပြီးလျှင် လက်ကို ရေအနည်းငယ်ဆွတ်ပြီး အချောကိုင်သည်။

အိုးတစ်လုံးပုံရသည်။

## (၃-၁-၆) လေ့ကျင့်လက်ရာများ



ပုံ(၆)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ရွှံ့ချောင်းများရစ်ခွေပြီး အိုးပုံပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြပါ။
၂။ ရွှံ့ချောင်းများရစ်ခွေပြီး အိုးတစ်လုံးပုံပြုလုပ်ပြပါ။

### အဓိကအချက်

- ရွှံ့ချောင်းများကို တစ်ရစ်ပြီးတစ်ရစ် ရစ်ခွေပြီး အိုးပုံဖော်နိုင်သည်။

## သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ပုံနှိပ်ဘလောက်တုံးပြုလုပ်ခြင်းအကြောင်းသင်ကြားကြရမည်။ ပုံနှိပ်ရန် ဘလောက်တုံးများကို အာလူး၊ မုန်လာဥ၊ ခဲဖျက်နှင့် သဘာဝမှရသောပစ္စည်းများဖြင့် စိတ်ကူး၍ပြုလုပ်နိုင်သည်။ ၎င်းဘလောက်တုံးများဖြင့် မိမိလိုသောပုံများကို မင်၊ ရေဆေးတို့ဖြင့် ပုံဖော်နိုင်သည်။

### (၃-၂-၁) ဘလောက်တုံးပြုလုပ်နည်း(၁)



ပုံ(၁)

ပြင်ညီ ပြုလုပ်ထားသော မုန်လာဥ၊ အာလူး၊ ကန်စွန်းဥစသည်တို့ပေါ်တွင် ပုံကို လျှာထားရေးဆွဲပြီး ပုံလိုင်းသားကို ချန်ကာ ကျန်သောနေရာများကိုထွင်းထုတ် ပုံဖော်ခြင်းဖြစ်သည်။

### (၃-၂-၂) ဘလောက်တုံးပြုလုပ်နည်း(၂)



ပုံ(၂)

ပြင်ညီ ပြုလုပ်ထားသော မုန်လာဥ၊ အာလူး၊ ကန်စွန်းဥစသည်တို့ပေါ်တွင် ပုံကို လျှာထားရေးဆွဲပြီး ပုံလိုင်းသားကိုထွင်းထုတ် ပုံဖော်ခြင်းဖြစ်သည်။


### (၃-၂-၃) ဘလောက်တုံးပြုလုပ်နည်း(၃)



ပြုပြင်ရန်မလိုဘဲ သဘာဝမှ ရရှိသော အပင်၏အရွက်၊ အခက်၊ အခေါက်၊ အူတိုင် စသည်တို့ကို မင်ဆွတ်ပြီး တိုက်ရိုက်ပုံနှိပ်ခြင်းဖြစ်သည်။



ပုံ(၄)



ပုံ(၅)



ပုံ(၆)

**လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ**

၁။ ဘလောက်တုံးပြုလုပ်နည်းများနှင့် ပုံနှိပ်ပုံဖော်ပုံကို ပြောပြပါ။

၂။ ဘလောက်တုံးများဖြင့် နှစ်သက်ရာ ဒီဇိုင်းတစ်ခုကို ပုံနှိပ်ပြပါ။

**အဓိကအချက်**

- ဘလောက်တုံးပြုလုပ်နည်းများဖြင့် ဘလောက်တုံးပြုလုပ်ပြီး ပုံနှိပ်ကာ ဒီဇိုင်းဖန်တီးပုံဖော်နိုင်သည်။


## ၃-၃ ရောင်စုံစက္ကူဖြင့် ပုံဖော်ရက်လုပ်ခြင်း

### သင်ခန်းစာမိတ်ဆက်


ယခုသင်ခန်းစာတွင် ဖြတ်ထားသော ရောင်စုံစက္ကူအပြားရှည်များဖြင့် မိမိလိုသောပုံပေါ်လာစေရန် ပုံဖော်ရက်လုပ်ရမည်ဖြစ်သည်။

ထောင်ထားသောတိုင်ပင်ကို လှဲထားသောဖောက်ပင်က အပေါ်မှ ကျော်ခြင်း၊ အောက်သို့ချခြင်းများပြုလုပ်ပြီး ပုံဖော်ရက်လုပ်ကြမည်။

### (၃-၃-၁) စတုရန်းကွက်များဆွဲပြီး ခဲဖြင့်ခြယ်ခြင်း



ပုံ(၁)




ပုံ(၂)

စာရွက်တစ်ရွက်ပေါ်တွင် အနားညီသောစတုရန်းကွက်များရေးဆွဲသည်။

လိုသောဒီဇိုင်းကို ခဲဖြင့် ခြယ်ကာ ပုံဖော်သည်။

### (၃-၃-၂) ရောင်စုံစက္ကူပြားအရှည်များဖြတ်ခြင်း




ပုံ(၃)

အရောင်မတူသောရောင်စုံစက္ကူ ၂ ရွက်ကို ဖြက်အကျယ် ၀.၅ လက်မရှိ အစရှည်များ အလျားလိုက်ဖြတ်သည်။

ပုံ(၂)ရှိ အမည်းအကွက်အတွက် ခရမ်းရောင်၊ အဖြူအကွက်အတွက် အဝါရောင်ဟု သတ်မှတ်မည်။


### (၃-၃-၃) စတင်အကွက်ဖော်ခြင်း



ပုံ(၄)

ပုံ(၂)၏ အလယ်ဗဟိုအကွက်တွင် အမည်းဖြစ်၍ ခရမ်းအစ ၃ စကို တိုင်ပင်အဖြစ်ထောင်လျက် အလယ်တွင်ထားကာ အဝါ ၃ စကို ဖောက်ပင်အဖြစ် အလျားလိုက်ထားပြီး ပင်ကျော်ပင်ချပြုလုပ်ကာ စတင် အကွက်ဖော်သည်။


### (၃-၃-၄) ဒီဇိုင်းပုံဖော်ခြင်း



ပုံ(၅)

ပုံ(၂)အတိုင်း ပင်ကျော်ပင်ချုပြုလုပ်ပြီး ကျန်စက္ကူစများဖြင့် ဆက်လက်ပုံဖော်သည်။

### (၃-၃-၅) အနားသတ်ခြင်း




ပုံ(၆)

ဘေးစွန်းထွက်အစများကို နောက်ဘက်သို့ခေါက်၍ ကော်သုတ်ပြီး ကပ်သည်။

### (၃-၃-၆) လေ့ကျင့်လက်ရာများ







ပုံ(၇)

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ရောင်စုံစက္ကူဖြင့် ပုံဖော်ရက်လုပ်ခြင်းအကြောင်း ရှင်းလင်းပြပါ။

၂။ ရောင်စုံစက္ကူဖြင့် နှစ်သက်ရာ ဒီဇိုင်းတစ်ခုပုံဖော်ရက်လုပ်ပြပါ။

**အဓိကအချက်**

- ဒီဇိုင်းအကွက်ရေးဆွဲပြီး တိုင်ပင်နှင့် ဖောက်ပင်ကို အရောင်ကွဲများဖြင့် ပုံဖော်ရက်လုပ်နိုင်သည်။

DSE Box


## ၃-၄ စက္ကူခေါက် ပုံဖော်ခြင်း


### သင်ခန်းစာမိတ်ဆက်


ယခုသင်ခန်းစာတွင် စက္ကူခေါက်ပုံဖော်ခြင်းကို သင်ကြားကြရမည်။ ဖြတ်တောက်ပြီး ပုံဖော်ခေါက်ခြင်းမှ ငှက်ရုပ်ပုံဖော် ဆေးခြယ်ခြင်းကို လက်တွေ့ပြုလုပ်ကြမည်။


### (၃-၄-၁) ငှက်ရုပ်ပုံဖော်ခြင်း


A4 စက္ကူတစ်ရွက်ကို အနား ၄ ဖက်ညီအောင်ဖြတ်တောက်သည်။ ထို့နောက် အောက်ပါပုံများအတိုင်း အဆင့်ဆင့်ခေါက်သည်။ ပုံ(၁၆) ပြီးလျှင် ပုံ(၁၇)ကဲ့သို့ ဆေးခြယ်ပုံဖော်သည်။



ပုံ(၁)


ပုံ(၂)



ပုံ(၃)



ပုံ(၄)


ပုံ(၅)



ပုံ(၆)


ပုံ(၇)


ပုံ(၈)


ပုံ(၉)

DBE BOX



ပုံ(၁၀) ပုံ(၁၁) ပုံ(၁၂)

ပုံ(၁၃) ပုံ(၁၄) ပုံ(၁၅)

ပုံ(၁၆) ပုံ(၁၇)

## (၃-၄-၂) လေ့ကျင့်လက်ရာများ



ပုံ(၁၈)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ စက္ကူကို ဖြတ်တောက်ပြီး ပုံဖော်ဆေးခြယ်ခြင်းအကြောင်းပြောပြပါ။

၂။ စက္ကူကို ဖြတ်တောက်ပြီး နှစ်သက်ရာပုံတစ်ခုကို ပုံဖော်ပြပါ။

### အဓိကအချက်

- စက္ကူကို လိုသောအရွယ်ဖြတ်တောက်ပြီး ချိုးခေါက်ခြင်းဖြင့် ပုံဖော်နိုင်သည်။

## ၃-၅ အဖုံးအုပ်ပြီး စာအုပ်အလှဆင်ခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ပန်းချီလေ့ကျင့်ခန်းစာအုပ်ကို အဖုံးအုပ်ပြီး စာအုပ်အလှဆင်ခြင်းကို ပြုလုပ်ကြမည်။

### (၃-၅-၁) အဖုံးအုပ်ခြင်း



ပုံ(၁)

စာအုပ်ကို အဖြူရောင် သို့မဟုတ် ရောင်စုံစာရွက်ဖြင့် အဖုံးအုပ်သည်။

### (၃-၅-၂) စာအုပ်အမည်ကို ဖော်ပြခြင်း



ပုံ(၂)

စာအုပ်ရှေ့အဖုံးပေါ်တွင် အမည်၊ အတန်း၊ ဘာသာရပ်နှင့် ကျောင်းတို့ကို ဖော်ပြသည်။

### (၃-၅-၃) အလှဆင်ခြင်း



ပုံ(၃)

စာအုပ်အဖုံးပေါ်တွင် ပုံများရေးဆွဲခြင်း၊ ကပ်ခြင်း၊ ဒီဇိုင်းများရေးဆွဲခြင်းဖြင့် အလှဆင်သည်။

DBE BOX

## (၃-၅-၄) ပုံဖော်ကြခြင်း



ပုံ(၄)

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အဖုံးအုပ်ပြီး စာအုပ်အလှဆင်ခြင်းအကြောင်း ပြောပြပါ။

၂။ သင်၏ ပန်းချီလေ့ကျင့်ခန်းစာအုပ်ကို အဖုံးအုပ်ပြီး အလှဆင်ပြပါ။

**အဓိကအချက်**

- လေ့ကျင့်ခန်းစာအုပ်များကို အဖုံးဖုံးအုပ်ပြီး ပုံများ၊ စာလုံးများဖြင့် ဒီဇိုင်းရေးဆွဲအလှဆင်နိုင်သည်။

## ၃–၆ အချိုရည်ဘူးခွံကို ပြန်လည်အသုံးချခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် စွန့်ပစ်အချိုရည်ဘူးခွံကို ပြန်လည်အသုံးချခြင်းများအနက် ခွက်ပြုလုပ်ခြင်းအကြောင်းကို သင်ကြားကြရမည်။

### (၃–၆–၁) ဘူးခွံအပေါ်မျက်နှာဝအား ဖွင့်ခြင်း



ပုံ(၁)

အချိုရည်ဘူးခွံ၏ အပေါ်ခွံကို ခွာပြီး အပေါ်ဘက်မျက်နှာဝကို ဖွင့်သည်။

### (၃–၆–၂) ဘူးခွံဘေးသားပေါ်တွင် မျဉ်းမတ်များဆွဲခြင်း



ပုံ(၂)

ဘူးခွံဘေးသားပေါ်တွင် မျဉ်းမတ်များကို ၀.၅ လက်မခန့်စီခွာပြီး ထင်အောင်ရေးဆွဲသည်။

ထိုသို့ရေးဆွဲရာတွင် ဘူးခွံအပေါ်နှင့်အောက်တို့၌ ၁ လက်မစီ ချန်သည်။

### (၃–၆–၃) မျဉ်းအတိုင်းဖောက်ခြင်း



ပုံ(၃)

ဓားဖြင့် မျဉ်းမတ်များအားလုံးကို ဖောက်သည်။

DBE BOX

## (၃-၆-၄) ပုံဖော်ပြီး ကိုင်းတပ်ခြင်း

မျဉ်းအားလုံးဖောက်ပြီးပါက ဘူးအပေါ်ပိုင်းမှ လက်ဖြင့် အနည်းငယ်ဖိသည်။
မညီသောအကွေးများကို ညှိသည်။
သွပ်ကြိုး သို့မဟုတ် နိုင်လွန်ကြိုးဖြင့် ခွက်နှုတ်ခမ်းတွင် ကိုင်းတပ်သည်။



ပုံ(၄)

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ အချိုရည်ဘူးခွံကို ပြန်လည်အသုံးချခြင်းများအနက် ခွက်ပြုလုပ်ခြင်းအကြောင်းကို ပြောပြပါ။
၂။ အချိုရည်ဘူးခွံကို နှစ်သက်ရာလူသုံးပစ္စည်းတစ်ခု ဖန်တီးပြုလုပ်ပြပါ။

### အဓိကအချက်

- စွန့်ပစ်အချိုရည်ဘူးခွံကို လျာထားဖြတ်ဖောက်ပြီး အခြားဖန်တီးမှုတစ်ခု ထပ်မံဖန်တီးနိုင်သည်။


DHA BOX

## ၃-၇ ဇာတ်လမ်းပြကွက် သရုပ်ဖော်မြင်ကွင်းပြုလုပ်ခြင်း

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ဇာတ်လမ်းပြကွက်တစ်ခုအတွက် သရုပ်ဖော်အရုပ်များကို ထောင်နိုင်လှဲနိုင်အောင်ပြုလုပ်ပုံဖော်ကြမည်။ နမူနာအနေဖြင့် တိုင်းပြည်ထောင်စု ပြကွက်တစ်ခုကို စုပေါင်းပြုလုပ်ကြမည်။

### (၃-၇-၁) အောက်ခံခုံပြုလုပ်ခြင်း



ပုံ(၁)

၂၀ လက်မပတ်လည် မာပြီး တောင့်တင်းသောကတ်ထူပြားတစ်ချပ်ကို ယူပြီး ထက်ဝက်ခေါက်ပါ။

ထောင့်မှန်ကျပြီး မယိုင်စေရန် ကတ်ထူဒေါက်ဖြင့် အရှင်ထိန်းချုပ်ပါ။ ပြန်ခေါက်၍လည်း ရစေရန်ဖြစ်သည်။

### (၃-၇-၂) သရုပ်ဖော်အရုပ်များပြုလုပ်ခြင်း




ပုံ(၂)

၁ အုပ်စုလျှင် အမြင့် ၆ လက်မရှိ တိုင်းရင်းသားစုံတွဲ ၁ တွဲစီ ပြုလုပ်သည်။


### (၃-၇-၃) အောက်ခံခုံနှင့် တွဲရန် ကတ်ထူပြားငယ်များပြုလုပ်ခြင်း

၈ လက်မ ×၄ လက်မအရွယ်ကတ်ထူပြားငယ်ကို ပုံ(၃)အတိုင်းလျှာထားပြီး အပြာရောင်မျဉ်းကြောင်းအတိုင်း အရာပေးခေါက်သည်။

ပုံ(၄)ပါအတိုင်း လိမ္မော်ရောင်မျဉ်းကွက်များကို လျှာထားပြီးကတ်ကြေးဖြင့် ညှပ်ထုတ်သည်။




ပုံ(၃)




ပုံ(၄)



DBE BOX

## (၃-၇-၄) နေရာချထားတပ်ဆင်ခြင်း

ပြုလုပ်ပြီးသောအရုပ်များကို ကတ်ထူပြားငယ်ဖြင့် တွဲပြီး နေရာချထားရသည်။




ပုံ(၅)

နောက်ခံအပြားတွင် ပြည်ထောင်စုကျောက်တိုင်နှင့် နိုင်ငံတော်အလံပါရှုခင်းကိုရေးရသည်။



ပုံ(၆)

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ဇာတ်လမ်းပြကွက် သရုပ်ဖော်အရုပ်များပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြပါ။

၂။ သင်နှစ်သက်သောဇာတ်လမ်းပုံပြင်တစ်ပုဒ်ကို သရုပ်ဖော်ပြကွက်တစ်ခုပြုလုပ်ပြပါ။

**အဓိကအချက်**


- အောက်ခံခုံပေါ်တွင် ဇာတ်လမ်းပြကွက်တစ်ခု၏ အရုပ်များအဆင့်ဆင့် တွဲဆက် သရုပ်ဖော်နိုင်သည်။

## ၃–၈ ခြင်းကျဲရက်လုပ်ခြင်း

**သင်ခန်းစာမိတ်ဆက်**


ယခုသင်ခန်းစာတွင် ခြင်းကျဲရက်လုပ်ခြင်းကို သင်ကြားကြရမည်။ နမူနာအနေဖြင့် ခြင်းကျဲတစ်မျိုးဖြစ်သော ပျို့ပင်ခြင်းရက်လုပ်ခြင်းကို လက်တွေ့ပြုလုပ်ကြမည်။

**(၃–၈–၁) အောက်ခြေပြားရက်ခြင်း**



ပုံ(၁) ပုံ(၂) ပုံ(၃)

**(၃–၈–၂) အထောင်ခွေရက်ခြင်း**



ပုံ(၄)

အပြိုင်တစ်ခုလျှင် ရက်ပင် ၄ ချောင်းစီပြည့်သောအခါ ရက်ပင်ချောင်းများအပေါ်သို့ထောင်လာအောင် တစ်ချောင်းနှင့် တစ်ချောင်းယှက်ကာ ပုံ(၅) ပါအတိုင်း ရက်ပါ။



ပုံ(၅)

## (၃-၈-၃) ပတ်ခွေများရက်ခြင်း



ပုံ(၆)




ပုံ(၇)

ပတ်ခွေ ပထမတစ်ရစ် ရရှိရန် ရက်ပင်တစ်ချောင်းဖြင့် ပုံ(၆)ပါအတိုင်း ရက်ပါ။

ပြီးနောက် နောက်ရက်ပင်တစ်ပင်စီဖြင့် ဒုတိယရစ် တတိယရစ်များကို ပတ်ပြီး ပုံ(၇)ပါအတိုင်း ရက်လျှင် ပျိုးပင်ပျိုးရန် ခြင်းကျဲတစ်လုံး ရရှိမည်။

## (၃-၈-၄) လေ့ကျင့်လက်ရာ



ပုံ(၈)

## လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ခြင်းကျဲရက်လုပ်ခြင်းမှ ပျိုးပင်ခြင်းရက်လုပ်ခြင်းအကြောင်းပြောပြပါ။

၂။ ပျိုးပင်ခြင်းတစ်ခု ရက်လုပ်ပြပါ။


### အဓိကအချက်

- အောက်ခြေပြားမှ အထောင်ခွေရက်ကာ ပတ်ခွေများအထိ ရက်လုပ်ခြင်းဖြင့် ပျိုးပင်ပျိုးရန် ခြင်းကျဲပြုလုပ်နိုင်သည်။



DEF BOX

**အခန်း(၃)တွင် သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBEBOX

## ရသခံစားတန်ဖိုးထားမှု

### နိဒါန်း

ဤအခန်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်အနုပညာလက်ရာများနှင့် ပျူခေတ် ပုဂံခေတ်တွင် ပြုလုပ်ခဲ့သောလက်မှုပညာနှင့် ပန်းချီအနုပညာလက်ရာများအကြောင်း သင်ကြားရ ရမည်ဖြစ်သည်။

### သိရှိပြီးသောအကြောင်းအရာ

အခြေခံပညာမူလတန်းအဆင့်တွင် မြန်မာ့ပန်းချီနှင့် ပန်းဆယ်မျိုးအနုပညာလက်ရာများ၊ ပြ လုပ်ရေးခြယ်ခဲ့ကြသော ပညာရှင်များအကြောင်း သင်ယူခဲ့ကြပြီး သိရှိခဲ့ကြခြင်းအပြင် ၎င်းတို အပေါ် ထင်မြင်ယူဆချက်များပြုလုပ်တတ်ရန် သင်ကြားခဲ့ပြီးဖြစ်သည်။ ဆဋ္ဌမတန်းတွင်လည်း လွန် ခဲ့သောနှစ်ပေါင်းများစွာက ကမ္ဘာ့ကျောက်ခေတ် အနုပညာလက်ရာများအကြောင်း လေ့လာသိ ရှိခဲ့ကြပြီး မြန်မာကျောက်ခေတ်နံရံဆေးရေးပန်းချီများအကြောင်း လေ့လာသိရှိခဲ့ကြသည်။

### ဤသင်ခန်းစာပြီးလျှင် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

အခန်း(၄)သင်ခန်းစာများသင်ပြီးသောအခါ ကမ္ဘာ့ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်အနု ပညာလက်ရာများအပြင် မြန်မာ့ပျူခေတ်နှင့် ပုဂံခေတ်အနုပညာလက်ရာများကိုလည်း အနည်းငယ် လေ့လာသိရှိလာမည်။

ထိုသို့သိရှိလာခြင်းကြောင့် အနုပညာလက်ရာများကို မြတ်နိုးခံစားထိန်းသိမ်းလိုစိတ်သာမက ထိုလက်ရာများကို ထပ်မံလေ့လာလိုသောစိတ်ဆန္ဒများလည်းဖြစ်ပေါ်စေမည်။ ထို့ကြောင့် လေ့လာ ရေးခရီးများသွားလာရသဖြင့် လူမှုပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး မိမိ၏ နေထိုင်ပြုမူပုံများကို ပြောင်းလဲစေမည်။

အကြောင်းအရာအချက်အလက်ဗဟုသုတများကို သိရှိသောအဆင့်မှ တစ်ဆင့်တက်က သင်ခန်းစာရယူတတ်သောအလေ့အကျင့်နှင့် ပြန်လည်အသုံးချလိုသောစိတ်များဖြစ်ထွန်းမည်။ ပြန် လည်ရှင်းပြနိုင်ခြင်းအဆင့်မှ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း၊ တန်ဖိုးကို ဆုံးဖြတ်နိုင်ခြင်း၊ ထပ်မံတီထွင်လုပ် ဆောင်နိုင်သောအရည်အသွေးအထိ မြင့်မားလာစေမည်။

ကမ္ဘာပေါ်ရှိ ဒေသတစ်ခုတွင်ရှိသော်လည်း ဘိုးဘွားအမွေများကို လူမျိုးဘာသာ မခွဲခြားဘဲ မြတ်နိုးတန်ဖိုးထားစိတ်များနှင့် အနုပညာစိတ်များခိုဝင်မှုသည် လူသားအချင်းချင်းတန်းတူ အခွင့် အရေးပေးလိုသောစိတ်၊ မြေကမ္ဘာကို စွမ်းစွမ်းတမံထိန်းသိမ်းလိုစိတ်၊ အဖျက်အဆီးစိတ်ဓာတ်လျော

## ၄–၁ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် အနုပညာလက်ရာများ

### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ် လက်မှုအနုပညာလက်ရာများ အကြောင်းကို သင်ကြားကြရမည်။

### (၄–၁–၁) ကျောက်ခေတ်(The Stone Age)အနုပညာလက်ရာများ

ကျောက်ခေတ်ကို ကျောက်ခေတ်ဦး(Palaeolithic)၊ ကျောက်ခေတ်လယ် (Mesolithic) နှင့် ကျောက်ခေတ်နှောင်း(Neolithic) ဟူ၍ ခွဲခြားထားသည်။

၎င်းကာလများအတွင်း ကျောက်တုံးများကို ပုံဖော်ခြင်း၊ ထွင်းထုခြင်း၊ ရေးခြယ်ခြင်းနှင့် လက်နက်များပြုလုပ်အသုံးချခြင်းများပြုလုပ်ခဲ့ကြရာမှ ကျောက်ခေတ်အနုပညာများဖြစ်ပေါ်လာသည်။



ပုံ(၁) အင်္ဂလန်နိုင်ငံ(ဝေလနယ်)မှ ကျောက်ခေတ်လက်ရာများ



ပုံ(၂) ပြင်သစ်နိုင်ငံမှ ကျောက်ခေတ်လက်ရာများ



ပုံ(၃) ဂျော်ဒန်နိုင်ငံမှ ကျောက်ခေတ် လက်ရာ



ပုံ(၄) မြန်မာနိုင်ငံ(ဟန်လင်းဒေသ)မှ ကျောက်ခေတ်လက်ရာများ

### (၄-၁-၂) ကြေးခေတ်(The Bronze Age)အနုပညာလက်ရာများ

ကြေးခေတ်သည် ဘီစီ ၄၀၀၀နှင့် ၃၀၀၀ ကြားကာလဖြစ်သည်။ ကြေးနီခေတ်နှင့် ကြေးညို ခေတ်ဟု ခွဲခြားနိုင်သည်။ ကြေးအရည်ကျိုခြင်းကို အီဂျစ်တွင် စတင်ခဲ့ပြီး မက်ဆိုပိုတေးမီးယား၊ တရုတ်၊ အာရှအနောက်တောင်ပိုင်းနှင့် ဥရောပသို့ ဆက်လက်ပျံ့နှံ့သည်။

မြန်မာနိုင်ငံတွင် ဘုတလင်၊ မလှိုင်၊ တောင်သာ၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် ဝက်လက်မြို့နယ်တို့၌ ကြေးခေတ်ရှိခဲ့သည်။



နိုင်ငံတကာမှ ကြေးခေတ်လက်ရာများ



မြန်မာနိုင်ငံမှ ကြေးခေတ်လက်ရာများ

ပုံ(၅) ကြေးခေတ်အနုပညာလက်ရာများ

### (၄-၁-၃) သံခေတ်(The Iron Age)အနုပညာလက်ရာများ

ဘီစီ ၂၈၀၀ ခန့်တွင် ဆီးရီးယားဒေသ၌ သံရည်ကျိုသည့်အတတ်ပညာကို စတင်တွေ့ရှိခဲ့ သည်။ မြန်မာနိုင်ငံတွင် သံခေတ်သင်္ချိုင်းများကို တောင်သမန်ဒေသနှင့် မြင်းခြံမြို့နယ် (ပင်လယ် ကျေးရွာ)၊ သံရည်ကျိုသည့်အိုးကြီးများကို ရမည်းသင်း(မြို့လှ)တွင် ယခုတိုင်တွေ့မြင်နိုင်သည်။



ပုံ(၆) သံခေတ်အနုပညာလက်ရာများ

### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ မိမိနှစ်သက်ရာခေတ်တစ်ခေတ်၏ အနုပညာလက်ရာများနှင့် ပတ်သက်ပြီး ထင်မြင်ချက်ပေးပါ။
၂။ ခေတ် ၃ ခေတ်ရှိ အနုပညာလက်ရာများကို နှိုင်းယှဉ်၍ ဆွေးနွေးပါ။

**အဓိကအချက်**

- ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်အနုပညာလက်ရာ အဆင့်အတန်းများ အဆင့်ဆင့်တိုး တက်ပြောင်းလဲလာသည်။

## ၄-၂ ပျူနှင့် ပုဂံခေတ်ပန်းချီပန်းပုလက်ရာများ


### သင်ခန်းစာမိတ်ဆက်

ယခုသင်ခန်းစာတွင် ပျူနှင့် ပုဂံခေတ်တွင် ရေးဆွဲခဲ့သောပန်းချီများနှင့် ထွင်းထုခဲ့သောပန်းပုလက်ရာများအကြောင်းကို နှိုင်းယှဉ်လေ့လာအကဲဖြတ်ကြရမည်။

### (၄-၂-၁) ပျူခေတ် ပန်းချီပန်းပုလက်ရာများ

ပျူခေတ်သည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့တွင် ဆက်တိုက်တည်ရှိခဲ့သော ဟန်လင်းမြို့ပြနှင့် သံခေတ်ကုန်ပြီး တကောင်းခေတ်အလွန် ဟန်လင်းခေတ်နှောင်း၊ သရေခေတ္တရာ၊ ပင်လယ်မြို့ဟောင်းမိုင်းမော၊ ဗိဿနိုးမြို့ပြတို့ထွန်းကားခဲ့သောကာလဖြစ်သည်။

မြန်မာနိုင်ငံ၏ အချို့နေရာများတွင် ပျူခေတ်အထောက်အထားများကို တွေ့နိုင်သည်။



ပုံ(၁) ဘောဘောကြီးဘုရား



ပုံ(၂) ဟန်လင်းမှ ရွှေပုတီးစေ့များ



ပုံ(၃) အုတ်ချပ်ပေါ်မှ ပျူစစ်သည်



ပုံ(၄) ပျူခေတ် ဒင်္ဂါးများ


## (၄-၂-၂) ပုဂံခေတ် ပန်းချီပန်းပုလက်ရာများ

ပုဂံခေတ်သည် ခရစ်သက္ကရာဇ် ၁၀၈ ခုနှစ်မှ ၁၃၆၉ ခုနှစ်အတွင်းကာလဖြစ်သည်။ ပုဂံခေတ် အနုပညာလက်ရာများကို အင်္ဂတေပန်းများ၊ ကျောက်ဆစ်လက်ရာများ၊ လေသာပြတင်းပေါက်များ၊ စဉ့်ရုပ်ကွဲများနှင့် နံရံဆေးရေးပန်းချီများတွင် လေ့လာနိုင်သည်။

အနုပညာလက်ရာများထွန်းကားခဲ့ရာ ထုထည်ကြီးမားသောဓမ္မရံကြီး၊ ပုဂံတွင် အမြင့်မားဆုံး သဗ္ဗညုနှင့် အနုပညာလက်ရာကောင်းသောအာနန္ဒာစေတီတို့အား "ထုမှာ ဓမ္မရံ၊ ညဏ်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာ" ဟု ချီးမွမ်းစာဖွဲ့ကြသည်။



ပုံ(၅) ဓမ္မရံကြီး


ပုံ(၆) သဗ္ဗညု


ပုံ(၇) အာနန္ဒာ



ပုံ(၈) ပုဂံခေတ် နံရံဆေးရေးပန်းချီ


ပုံ(၉) ပုဂံခေတ် ပန်းပု


### လေ့ကျင့်ရန်မေးခွန်းများနှင့် လေ့ကျင့်ခန်းများ

၁။ ပျူခေတ် သို့မဟုတ် ပုဂံခေတ်အနုပညာများအကြောင်း ရှင်းပြပါ။
၂။ ပျူနှင့် ပုဂံခေတ် ပန်းချီနှင့် ပန်းပုလက်ရာများအကြောင်းလေ့လာပြီး နှိုင်းယှဉ်ဆွေးနွေးပါ။

**အဓိကအချက်**

- ပျူနှင့် ပုဂံခေတ် အနုပညာလက်ရာများအဆင့်အတန်းမြင့်မားပြီး အဆင့်ဆင့်တိုးတက် ပြောင်းလဲလာသည်။

**အခန်း(၄)တွင် သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBE BOX